Burmese | မြန်မာစာ

# ကျွန်ုပ်၏ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ အခွင့်အရေးများ

**ဩစတြေးလျနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာတမ်း (Australian Charter of Healthcare Rights)** ဒုတိယအကြိမ် ထုတ်ဝေစာစောင် ဖြစ်သည်။

ဤအခွင့်အရေးများသည် ဩစတြေးလျနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသော နေရာအားလုံးရှိ လူအားလုံးနှင့် သက်ဆိုင်သည်။

ဤပဋိညာဉ်စာတမ်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသည့်အခါ သင် သို့မဟုတ် သင် စောင့်ရှောက်ပေးနေသူ တစ်ဦးဦးသည် မည်သည့်အရာ မျှော်လင့်နိုင်သည်ကို ဖော်ပြထားသည်။



၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ထုတ်ဝေသည်

## ကျွန်ုပ်တွင် အောက်ပါအခွင့်အရေး ရှိသည်-

### ရယူခွင့်

- ကျွန်ုပ်၏ လိုအပ်ချက်များနှင့်ကိုက်ညီသည့် ကျန်းမာရေးစောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုများနှင့် ကုသမှု

### ဘေးကင်းလုံခြုံမှုရရှိခွင့်

- နိုင်ငံလုံးဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသည့် ဘေးကင်းလုံခြုံပြီး အရည်အသွေးမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိရန်
- ဘေးကင်းလုံခြုံသည်ဟု ကျွန်ုပ်ခံစားရမည့် ပတ်ဝန်းကျင်တွင် စောင့်ရှောက်ခံရစေရန်

### လေးစားမှု

- လူပုဂ္ဂိုလ်တစ်ဦးအဖြစ်အပြင် ဂုဏ်သိက္ခာနှင့် လေးစားမှုဖြင့် ဆက်ဆံခံရရန်
- ကျွန်ုပ်၏ ယဉ်ကျေးမှု၊ ပင်ကိုယ်တည်ရှိမှု၊ ယုံကြည်မှုများနှင့် ရွေးချယ်ပိုင်ခွင့်များကို လက်ခံပြီး လေးစားရန်

### ပူးပေါင်းဆောင်ရွက်မှု

- မေးခွန်းများ မေးမြန်းရန်နှင့် ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ပြောဆိုဆက်ဆံရန်
- ကျွန်ုပ် ရွေးချယ်ပြီး လုပ်နိုင်သည့်အတိုင်းအတာအထိ ကျွန်ုပ်၏ ကျန်းမာရေးစောင့်ရှောက်သူနှင့်အတူတကွ ဆုံးဖြတ်ချက်များ ချမှတ်ရန်
- အစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကျွန်ုပ်လိုလားသူများ ပါဝင်ရန်

### သတင်းအချက်အလက်များ

- ကျွန်ုပ်၏ အခြေအနေ၊ အမျိုးမျိုးသော စစ်ဆေးမှုများနှင့် ကုသမှုများ၏ ဖြစ်နိုင်သော ကောင်းကျိုးများနှင့် အန္တရာယ်များနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း အချက်အလက်များ သို့မှသာ ကျွန်ုပ်အနေဖြင့် အသိရှိသော ခွင့်ပြုချက်ကို ပေးနိုင်မည်
- ဝန်ဆောင်မှုများ၊ စောင့်ဆိုင်းရမည့်အချိန်များနှင့် ကုန်ကျစရိတ်များအကြောင်း အချက်အလက်များ ရရှိရန်
- ကျန်းမာရေးအချက်အလက်များကို ကျွန်ုပ် နားလည်ပြီး အသုံးပြုနိုင်ရန်အတွက် ကျွန်ုပ်လိုအပ်သည့်အခါ ပံ့ပိုးမှု ရရှိရန်
- ကျွန်ုပ်၏ ကျန်းမာရေး အချက်အလက်များကို ရယူရန်အတွက် တောင်းဆိုရန်
- အကယ်၍ ကျွန်ုပ်အား ကျန်းမာရေးစောင့်ရှောက်ပေးနေစဉ်အတွင်း တစ်စုံတစ်ခု မှားယွင်းလျှင်၊ ကျွန်ုပ်အား မည်သို့ထိခိုက်နိုင်ကြောင်း၊ စောင့်ရှောက်မှုကို ဘေးကင်းအောင်လုပ်ရန် မည်သည့်အရာကို လုပ်ဆောင်နေလျက်ရှိကြောင်း ပြောပြရန်

### ကိုယ်ရေးအချက်အလက် သီးခြားရှိရေး

- ကျွန်ုပ်၏ ကိုယ်ရေးအချက်အလက် သီးခြားရှိရေးကို လေးစားပေးရန်
- ကျွန်ုပ်၏ အချက်အလက်များနှင့် ကျွန်ုပ်၏ ကျန်းမာရေးအကြောင်းကို လုံခြုံပြီးလျှို့ဝှက်စွာ သိမ်းဆည်းပေးရန်

### သဘောထားမှတ်ချက်ပေးရန်

- ကျွန်ုပ် ကုသခံရသည့် နည်းလမ်းကို ထိခိုက်ခြင်း မရှိစေဘဲ သဘောထားမှတ်ချက်ပေးရန် သို့မဟုတ် မကျေနပ်ချက်တိုင်ကြားရန်
- ကျွန်ုပ်၏ စိုးရိမ်ပူပန်မှုများကို ပွင့်လင်းမြင်သာစွာနှင့် မကြန့်ကြာစေဘဲ ဖြေရှင်းပေးရန်
- ကျွန်ုပ်၏ ကြုံတွေ့မှုကို ဝေမျှဖလှယ်ရန်နှင့် စောင့်ရှောက်မှုနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ၏ အရည်အသွေးကို မြှင့်တင်ပေးရန်အတွက် ပါဝင်လုပ်ဆောင်စေရန်

AUSTRALIAN COMMISSION
ON SAFETY AND QUALITY IN HEALTH CARE

ပိုမိုသိရှိရန် ဝန်ထမ်းတစ်ဦးအား မေးမြန်းပါ သို့မဟုတ် ဝက်ဘ်ဆိုက်တွင် ကြည့်ပါ-
safetyandquality.gov.au/your-rights